ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
(Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC(၁၂၉၈) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

(က)	**စီမံကိန်းအဆိုပြုသူ**	- Mr. Byung Ha Lee Managing Director
(ခ)	**ဆက်သွယ်ရန် လိပ်စာ**	- Sunjin Myanmar Co.,Ltd. No. (19-07) ၊ G3၊ GEMS Condo၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ০৯-৫၂০၂၂০০২৯
(ဂ)	**စီမံကိန်းအမျိုးအစား**	- တိရစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း
(ဃ)	**စီမံကိန်းကာလ**	- အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ
(c)	**စီမံကိန်း၏ အရွယ်အစား**	- ၉.၈၄ ဧက
(စ)	**စီမံကိန်းတည်နေရာ**	- ကွင်းအမှတ် (၁၄က/ ဆီဆုံ- N)၊ ဦးပိုင်အမှတ် (၄၁၊ ၄၂၊ ၆၀)၊ ဆီဆုံကျေးရွာအုပ်စု၊ စဉ်ကိုင်မြို့နယ်၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး
(ဆ)	**ECC သက်တမ်း (၅)နှစ်**	- စတင်ထုတ်ပေးရက် - ၄ -၆ -၂၀၂၅ သက်တမ်းကုန်ဆုံးရက် - ၃ -၆ -၂၀၃၀
(ဇ)	**အတည်ပြုအစီရင်ခံစာ**	- Sunjin Myanmar Co.,Ltd. ၏ ၄-၂-၂၀၂၅ ရက်စွဲပါစာဖြင့် တင်ပြသည့် **" ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)"**



ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စည်းကမ်းချက်များ

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(စျ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

Sunjin Myanmar Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆီဆုံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄က/ ဆီဆုံ- N)၊ ဦးပိုင်အမှတ် (၄၁၊ ၄၂၊ ၆၀)၊ မြေဧရိယာ (၉.၈၄)ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်

၁။ Sunjin Myanmar Co.,Ltd.၏ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆီဆုံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄က/ ဆီဆုံ- N)၊ ဦးပိုင်အမှတ် (၄၁၊ ၄၂၊ ၆၀)၊ မြေဧရိယာ (၉.၈၄)ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိရစ္ဆာန်အစားအစာထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(ECC)ထုတ်ပေးနိုင်ပါရန် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၄-၂-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၆၇၃/ ၂၀၂၅) ပါစာဖြင့်တင်ပြခဲ့ပြီး အစီရင်ခံစာအား တတိယအဖွဲ့အစည်းဖြစ်သော Total Business Solution Company Limited မှ ရေးသားပြုစုကာ အပြီးသတ်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Byung Ha Lee၊ Managing Director၊ Sunjin Myanmar Co.,Ltd. No. (19-07)၊ G3၊ GEMS Condo၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၄၂၀၂၂၀၀၃၉ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံ အဆင့်ဆင့်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုမှာ ကုန်ကြမ်းများ ရောက်ရှိခြင်း၊ ကုန်ကြမ်းများကြိတ်ခွဲခြင်း၊ အချိုးကျရောစပ်ခြင်း၊ အစာတောင့်ပြုလုပ်ခြင်း၊ အအေးခံခြင်း၊ အစာတောင့်များအား အဆီလွှာဖြင့်ဖုံးအုပ်ခြင်း၊ ဇကာချခြင်းနှင့် ကုန်ချောများထုတ်ပိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသုံးပြုသည့် ကုန်ကြမ်းများအား ပြည်တွင်း/ ပြည်ပမှ တင်သွင်းမည်ဖြစ်ပြီး ကုန်ချောတိရစ္ဆာန်အစာများဖြစ်သော ဥစားကြက်အစာခြောက်၊ အသားတိုးကြက်အစာခြောက်၊ ဝက်အစာခြောက်၊ နွားနွားအစာခြောက်စသည်တို့ကို ထုတ်လုပ်သွားမည်ဖြစ်ကာ နေ့စဉ်ကုန်ချောထွက်ရှိမှုပမာဏ တစ်နာရီလျှင် ၁.၂၅ တန်အား မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းအစိုင်အခဲများအား ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိစွန့်ပစ်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်၍ စွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းများအား ပြန်လည်သုံးစွဲခြင်း၊ ရောင်းချခြင်း၊ အသုံးပြု၍မရသော စွန့်ပစ်

အမှိုက်များအားသီးခြားစွန့်ပစ်ပြီး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ အသုံးပြုမည့်ကုန်ကြမ်းများမှာ ပြောင်းဖူး၊ ဆန်၊ ငါးအကြေးခွံ၊ ဂျုံ၊ ဆား၊ နေကြာ၊ ဟင်းသီးဟင်းရွက်ဆီနှင့် အခြားဖြည့်စွက်ပစ္စည်းများ စသည်တို့ကိုအသုံးပြုပြီး ပြည်တွင်းနှင့်ပြည်ပမှတင်သွင်းမည်ဖြစ်ပါသည်။ ရေအသုံးပြုမှုအနေဖြင့် စက်ရုံအလုပ်သမားများ၏အိမ်သုံးနှင့် ပေါင်းခံခြင်းလုပ်ငန်းစဉ်အတွက် အဓိကအသုံးပြုမည်ဖြစ်ပါသည်။ စက်ရုံဝန်း အတွင်းရှိ အဝီစိတွင်း (၆) တွင်းမှ ရေဂါလန်ပေါင်း ၁၀၀,၀၀၀ ဆုံ့ရေသိုလှောင်ကန်ဖြင့် သိုလှောင်ထားရှိကာ စက်ရုံအလုပ်သမား (၁၀၉) ယောက်စာအတွက် ရေအသုံးပြုမှုတစ်နေ့လျှင် ၁၁.၉၉ ကုဗမီတာခန့်ဖြစ်ကြောင်းနှင့် သောက်သုံးရေအား ပြင်ပမှဝယ်ယူအသုံးပြုမည်ဖြစ်ပါသည်။ စွမ်းအင်အသုံးပြုမှုအနေဖြင့် စီမံကိန်းစက်ရုံအတွင်းတွင် ၃၀၀၀ ကေဗွီအေ အားရှိသော ထရန်စဖော်မာ (၁) လုံးကို တပ်ဆင်ထားရှိမည်ဖြစ်ပါသည်။ နှစ်စဉ်ခန့်မှန်း လျှပ်စစ်စွမ်းအင်အသုံးပြုမှုမှာ တစ်နှစ်လျှင် ၄၈၀,၀၀၀ ကီလိုဝပ်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ပါကအရန်မီးစက်အဖြစ်ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက်အသုံးပြုနိုင်ရန် ၈၂၅ကေဗွီအေ မီးစက်(၁)လုံးနှင့် ၄၀၀ ကေဗွီအေ မီးစက်(၁)လုံး စုစုပေါင်းမီးစက်(၂)လုံးဖြင့် ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဘွိုင်လာ လောင်စာအတွက် ထင်းနှင့်စပါးခွံလောင်စာအတောင့်များ အသုံးပြုပြီး တစ်ရက်လျှင် လောင်စာ (၃) တန်ခန့်အသုံးပြုကြောင်း၊ ဘွိုင်လာမှထွက်ရှိလာသောပြာကို စိုက်ပျိုးရေးကဏ္ဍအတွက် ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း၊ ဘွိုင်လာမီးခိုးခေါင်းတိုင်အမြင့်မှာ ၂၀ မီတာခန့်ဖြစ်ပါသည်။ ဝန်ထမ်း အင်အား(၁၀၉)ဦးအား အလုပ်လုပ်ချိန်(၈) နာရီ၊ တစ်ပတ်လျှင် အလုပ်လုပ်ရက် (၆) ရက်နှုန်းဖြင့် လည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တိရစ္ဆာန်အစားအစာ ထုတ်လုပ်မှုနှုန်းမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

No	Description	A/U	Year									
			1	2	3	4	5	6	7	8	9	10
1	Layer Feed	Ton	5,000	7,000	10,000	13,000	15,000	16,000	18,000	20,000	22,000	24,000
2	Broiler Feed	Ton	15,000	20,000	25,000	30,000	35,000	40,000	45,000	50,000	55,000	60,000
3	Swine Feed	Ton	10,000	13,000	15,000	17,000	20,000	24,000	27,000	30,000	33,000	36,000
4	Dairy Feed	Ton	-	-	-	-	500	1,000	1,500	2,000	2,500	3,000

မော်တော်ယာဉ်နှင့် စက်ပစ္စည်းကိရိယာများမှာ တစ်ဖက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

No	Type	Quantity	Capacity	Fuel type
1.	Excavator-22 tons	1	Operating Weight- 22 tons Width- 121 inches Hight- 123 inches Max Dip Depth- 22 ft Max Dumping Height- 21 ft	Diesel
2.	Crane -16 tons	1	Max Lifting Capacity- 16 ton with a working radius of 2.7 m	Diesel
3.	Roller compactor	1	Operating weight-12000 kg Rated power- 80KW	Diesel
4.	Generator	2	Power Rating – 125 KVA	Diesel
5.	Light Truck	1	Vehicle weight – 1740 kg (drop side)/ 1870 kg (cargo box) Capacity weight – 1664 kg (drop side)/ 1625 (cargo box) Max. speed – 110 km/h Max. slope of climb - ≥ 25%	Petrol
6.	Dump Truck	1	Rated load capacity – 6000 kg Max. speed – 77 km/h	Diesel
7.	Vibrator sets	5	Vibrating – 3000 amplitude	Petrol
8.	Stamp Compactor	2	Operating Weight – 82 kg Compaction depth – up to 50 cm Stroke rate – up to 720 strokes/ min Storke on the tamping plate – up to 85 mm	Petrol
9.	Flat Compactor	1	Vibration Frequency 75 Hz Nominal Amplitude 0.5 mm	Petrol
10.	Air Compressor sets	3	Capacity air receiver – 24 L Intake Capacity – 215 l/min Free air delivery – 120 l/min Maximum pressure – 8 bar Pump speed – 2850 rpm	Electricity
11.	Road Cutter	1	Power – 6.5 kw Weight – 153 kg Diameter of Blade – 30cm-40 cm Max. Cutting Depth – 14 cm	Diesel
12.	Concrete Mixer	1	Type of Drum Mixer – Cast Iron Drum Capacity- 0.5 m^3 Engine Power – 6hp – 8 hp	Diesel

ဓာတုပစ္စည်းနှင့် အခြားသောကုန်ကြမ်းပစ္စည်းများအား တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

No	Raw Material	HS code	A/U	Years									
				1	2	3	4	5	6	7	8	9	10-30
(A)	To be imported												
1	DDGS	8.419	m.t	1,425	1,900	2,375	2,850	3,325	3,800	4,275	4,750	5,225	5,700
2	Soybean Meal	2.304	m.t	6,320	8,416	10,480	12,544	14,705	16,898	19,059	21,220	23,381	25,542
3	Rapeseed Meal	2.306	m.t	500	660	800	940	1,135	1,350	1,545	1,740	1,935	2,130
4	MBM	7.105	m.t	800	1,070	1,350	1,630	1,900	2,160	2430	2700	2,970	3,240
5	Dicalcum Phosphate	3.822	m.t	393	524	656	788	922	1,055.6	1,189.8	1,324	1,458.2	1,592.4
6	Vitamin Premix-Layer	2.309	m.t	15	21	30	39	45	48	54	60	66	72
7	Mineral Premix-Layer	7.015	m.t	25	35	50	65	75	80	90	100	110	120
8	Vitamin Premix-Broiler	2.309	m.t	45	60	75	90	105	120	135	150	165	180
9	Mineral Premix-Broiler	7.015	m.t	75	100	125	150	175	200	225	250	275	300
10	Vitamin Premix-Swine	2.309	m.t	30	39	45	51	60	72	81	90	99	108
11	Mineral Premix-Swine	7.015	m.t	50	65	75	85	100	120	135	150	165	180
12	Vitamin Premix-Dairy	2.309	m.t	-	-	-	-	2	4	6	8	10	12
13	Mineral Premix-Dairy	7.015	m.t	-	-	-	-	3	6	9	12	15	18
14	Methionine	2.903	m.t	50	67	85	103	120	136	153	170	187	209

No	Raw Material	HS code	A/U	Years									
				1	2	3	4	5	6	7	8	9	10-30
15	L-Lysine	3.822	m.t	20	26	30	34	40	48	54	60	66	72
16	Feed Additives-Layer	2.309	m.t	25	35	50	65	75	80	90	100	110	120
17	Feed Additives-Broiler	2.309	m.t	60	80	100	120	140	160	180	200	220	240
18	Feed Additives-Swine	2.309	m.t	50	65	75	85	100	120	135	150	165	180
19	Feed Additives-Dairy	2.309	m.t	-	-	-	-	4	8	12	16	20	24
(B)	Local Purchase												
1	Corn	3.910	m.t	15,400	20,560	25,800	31,040	36,275	41,430	46,665	51,900	57,135	62,370
2	Fish Meal	2.301	m.t	475	630	775	920	1,075	1,240	1,395	1,550	1,705	1,860
3	Ground Nut Meal	8.466	m.t	-	-	-	-	30	60	90	120	150	180
4	Sunflower Meal	2.306	m.t	-	-	-	-	75	150	225	300	375	450
5	Copra Cake	2.306	m.t	-	-	-	-	25	50	75	100	125	150
6	Rice Bran	1.515	m.t	3,250	4,300	5,250	6,200	7,250	8,400	9,450	10,500	11,550	12,600
7	Wheat Bran	2.302	m.t	-	-	-	-	175	350	525	700	875	1,050
8	Vegetable Oil	1.516	m.t	300	400	500	600	700	800	900	1,000	1,100	1,200
9	Limestone	2.521	m.t	595	818	1,113	1,408	1,638	1,795	2,025	2,255	2,485	2,715
10	Salt	3.822	m.t	98	131	164	196	231	265.6	300.3	335	369.7	404.4
11	Polypropylene Bag	3.902	m.t	600,000	800,000	1,000,000	1,200,000	1,410,000	1,620,000	1,830,000	2,040,000	2,250,000	2,460,000
12	Sulfuric Acid (Laboratory)		ml	15,600	15,600	15,600	15,800	15,800	15,900	16,000	16,000	16,000	16,000

No	Raw Material	HS code	A/U	Years									
				1	2	3	4	5	6	7	8	9	10-30
13	Nitric Acid (Laboratory)		ml	12,000	12,000	12,000	12,3000	12,300	12,300	12,500	12,500	12,800	12,800
14	Hydrochloric Acid (Laboratory)		Ml	12,000	12,000	12,000	12,3000	12,300	12,300	12,500	12,500	12,800	12,800

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆီဆုံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄က/ ဆီဆုံ- N)၊ ဦးပိုင်အမှတ် (၄၁၊ ၄၂၊ ၆၀) တွင် တည်ရှိပါသည်။

Sunjin Myanmar Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆီဆုံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄က/ ဆီဆုံ- N)၊ ဦးပိုင်အမှတ် (၄၁၊ ၄၂၊ ၆၀)ရှိ မြေရေယာ(၉.၈၄)ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိရစ္ဆာန်အစားအစာထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



Sunjin Myanmar Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆီဆုံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄က/ ဆီဆုံ- N)၊ ဦးပိုင်အမှတ် (၄၁၊ ၄၂၊ ၆၀)ရှိ မြေရေယာ(၉.၈၄)ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိရစ္ဆာန်အစားအစာထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ Layout Plan



1. Factory	5. Truck Scale Building	9. Truck House Building	13. Main Entrance, Gate and Fence Wall
2. Office Building	6. Storage Building	10. Boiler Wooden Warehouse	14. Internal Road and Yard
3. Worker Dining Area Building	7. Bike Stand	11. Fire-Fighting Ground Tank	15. Truck Parking
4. Dormitory Building	8. Guardhouse Building	12. Silo	16. Car Parking

Sunjin Myanmar Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆီဆုံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄က/ ဆီဆုံ- N)၊ ဦးဝိုင်အမှတ် (၄၁၊ ၄၂၊ ၆၀)ရှိ မြေဧရိယာ(၉.၈၄)ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိရစ္ဆာန်အစားအစာထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာအရလိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူကSunjin Myanmar Co.,Ltd.၏ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင်မြို့နယ်၊ ဆီဆုံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၄က/ဆီဆုံ-N)၊ ဦးပိုင်အမှတ် (၄၁၊ ၄၂၊၆၀)၊ မြေရေယာ(၉.၈၄)ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိရစ္ဆာန်အစားအစာထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC) ထုတ်ပေးနိုင်ပါရန် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၄-၂-၂၀၂၅ ရက်စွဲပါစာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၆၇၃/ ၂၀၂၅)ပါစာဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။ စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့်အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်။

(ခ) စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။ လုပ်ငန်းစဉ်မှာ ကုန်ကြမ်းများရောက်ရှိခြင်း၊ ကြိတ်ခွဲခြင်း၊ အချိုးကျရောစပ်ခြင်း၊ အစာတောင့်ပြုလုပ်ခြင်း၊ အအေးခံခြင်း၊ အစာတောင့်များအား အဆီလွှာဖြင့်ဖုံးအုပ်ခြင်း၊ ဇကာချခြင်းနှင့် ကုန်ချောများထုတ်ပိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထုတ်လုပ်သည့်ပမာဏမှာ တစ်နာရီလျှင် ၁.၂၅ တန်ဖြစ်ပါကြောင်းနှင့် စွန့်ပစ်ပစ္စည်းအစိုင်အခဲများအား ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိစွန့်ပစ်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်၍စွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုနိုင်သောစွန့်ပစ်ပစ္စည်းများအား ပြန်လည်သုံးစွဲခြင်းနှင့်ရောင်းချခြင်း၊အသုံးပြု၍မရသော စွန့်ပစ်အမှိုက်များအား သီးခြားစွန့်ပစ်ပြီး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တိရစ္ဆာန်အစားအစာထုတ်လုပ်ခြင်းလုပ်ငန်းစဉ်မှ ထွက်ရှိသော လေထုညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းကို ညစ်ညမ်းမှုထွက်ရှိသည့် အရင်းအမြစ်နေရာ၌ပင် ညစ်ညမ်းမှု စစ်ထုတ်ဇကာ အိတ်များပါသော ရေလှည့်ပတ်၍ဖျန်းသည့် အမှုန်ဖမ်းကိရိယာကို တပ်ဆင်ရန်၊

(၂) မီးစက်များနှင့် မော်တော်ယာဉ်များကို ပုံမှန်ထိန်းသိမ်းခြင်းများပြုလုပ်ရန်၊

(၃) ဆာလ်ဖာပါဝင်မှုနည်းသော ဒီဇယ်လောင်စာများကို မီးစက်များနှင့်သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် အသုံးပြုရန်။

(၄) စက်ရုံပတ်ဝန်းကျင်ရှိ လေအရည်အသွေးကို ပုံမှန်စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားရန်၊

(၅) လေဝင်လေထွက်စနစ်ကောင်းမွန်စေရေး ခေါင်မိုးမီးခိုးထုတ် လေပန်ကာများကို တပ်ဆင်သွားရန်၊

(၆) နှာခေါင်းစည်းကဲ့သို့သော တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများကို ဖုန်ထွက်ရှိမှုများသောနေရာ၌အလုပ်လုပ်နေသော အလုပ်သမားများအား ထောက်ပံ့ပေးရန်။

(ဃ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဒေါင်းရိုးချောင်း၏ရေအရည်အသွေးနှင့် စက်ရုံနောက်ဆုံးစွန့်ပစ်ရေ အရည်အသွေးအား ပုံမှန်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၂) စွန့်ပစ်ရေကို လုံးဝစီးဆင်းသွားရန် လုံလောက်သောပမာဏ စီးဆင်းနိုင်သော ရေနုတ်မြောင်းကို ဖောက်လုပ်သွားရန်၊

(၃) ရေနုတ်မြောင်းကို ပုံမှန်ရှင်းလင်းသန့်စင်ခြင်းကို လုပ်ဆောင်သွားရန်၊

(၄) မြေပေါ်သို့ အိမ်သုံးစွန့်ပစ်ရေများ စနစ်တကျစွန့်ပစ်ရန်၊

(၅) လိုအပ်ပါက သင့်လျော်သော စွန့်ပစ်ရေသန့်စင်သည့် စနစ်ကိုဆောက်လုပ်သွားရန်။

(င) **စီမံကိန်းလည်ပတ်သည့်ကာလတွင် မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သယ်ယူပို့ဆောင်ရေးသုံး မော်တော်ယာဉ်များကို ပုံမှန်စစ်ဆေးထိန်းသိမ်းဆောင်ရွက်ရန်၊

(၂) သင့်လျော်သော မိလ္လာစွန့်ပစ်သည့်စနစ်ပါဝင် ကောင်းမွန်သည့် သန့်စင်စနစ်များကို တပ်ဆင်ပေးရန်၊

(၃) အမှိုက်များ စနစ်မကျစွန့်ပစ်ခြင်းကိုကာကွယ်ရန် စွန့်ပစ်အမှိုက်များအား စနစ်တကျ စီမံခန့်ခွဲရန်၊

(၄) လောင်စာဆီယိုစိမ့်မှုမဖြစ်စေရန် လောင်စာသိုလှောင်ကန်ကိုစနစ်တကျ စောင့်ကြပ်ကြည့်ရှုရန်။

(စ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် ဆူညံသံနှင့် တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) ယာဉ်မောင်းများအား ဆူညံသံနှင့် တုန်ခါမှုတိုးမြင့်လာစေနိုင်သည့် အရှိန်နှင့်ဘရိတ်ကို ရှောင်ရှားရန် တွန်းအားပေးဆောင်ရွက်ရန်၊

(၂) လူနေရပ်ကွက်နှင့် တိတ်ဆိတ်သောဇုန်များကဲ့သို့သော ထိခိုက်လွယ်သည့် နေရာများကို ရှောင်ရှားနိုင်ရေး တတ်နိုင်သမျှ ထရပ်ကားလမ်းကြောင်းများကို စီစဉ်ပေးသွားရန်၊

(၃) ဆူညံသံ ထွက်ရှိသည့် နေရာတွင်အသံလုံစနစ်တပ်ဆင်သွားရန်၊

(၄) စက်ပစ္စည်းကိရိယာများနှင့် စက်ယန္တရားများအားလုံးကို ပုံမှန်ပြုပြင်ထိန်းသိမ်းသွားရန်၊

(၅) ဆူညံသံများသော လုပ်ငန်းများအား တတ်နိုင်သမျှ နေ့အချိန်၌သာလုပ်ဆောင်ရန်၊

(၆) အရေးပေါ်အသုံးပြုနိုင်ရေးအတွက် ဆူညံသံနည်းသော မီးစက်(သို့မဟုတ်) အသံလုံမီးစက်များကို အသုံးပြုရန်၊

(၇) မီးစက်များကို ဒေသခံပြည်သူများနှင့် စက်ရုံဝန်းအတွင်းရှိ လူနေရေယာများ၏ ဝေးကွာသော နေရာတွင်ထားရှိရန်။

(ဆ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်အမှိုက်များကို အမှိုက်ပုံးများဖြင့် အရောင်ခွဲခြားပြီး ရရှိသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လာရောက်သိမ်းဆည်းမှုမပြုမီ ယာယီအမှိုက်သိုလှောင်ကန်၌ စနစ်တကျသိုလှောင်ထားရှိရန်၊

(၂) ယာယီအမှိုက်သိုလှောင်ကန်၏ ဝင်ဆံ့မှုကိုထိန်းသိမ်းရန် အမှိုက်ပမာဏနှင့် အမျိုးအစားကို ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်သွားရန်၊

(၃) တိရစ္ဆာန်အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှ ထွက်ရှိသော အကြွင်းအကျန်များ ငါးကန်များတွင်အသုံးပြုနိုင်ရေးနှင့် ထုတ်ပိုးပစ္စည်းအိတ်ခွံများကို ဝယ်သူများထံ ရောင်းချသွားရန်၊

(၄) အလူမီနီယမ်နှင့် သံဗူးများ၊ ပလတ်စတစ်ဗူးများကဲ့သို့သော ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများအတွက် ပြန်လည်အသုံးပြုရန်၊

(၅) 3Rs (Reduce, Reuse and Recycle) အသုံးပြုပြီးပါက အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ အပါအဝင်ကျန်ရှိသော စွန့်ပစ်ပစ္စည်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စွန့်ပစ်ရန်။

(ဇ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် အန္တစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တိရစ္ဆာန် အစားအစာထုတ်လုပ်သည့် နေရာများတွင် လေဝင်လေထွက်စနစ် ကောင်းမွန်စွာရရှိရေး ဆောင်ရွက်ရန်၊

(၂) ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိသော အနံ့ဆိုးများထွက်ရှိမှုကို ဖမ်းယူရန်နှင့် သန့်စင်ရန် filters များ တပ်ဆင်ရန်၊

(၃) အနံ့ထွက်ရှိသောနေရာများ၊ ယိုဖိတ်မှုများကိုကာကွယ်ရန် စက်ကိရိယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်။

(စျ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် ယာဉ်လမ်းကြောင်းပိတ်ဆို့ခြင်း စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လမ်းဘေးတွင် ကားပါကင်ထိုးခြင်းကို ရှောင်ရှားရန်အတွက် စက်ရုံဝန်းအတွင်း လုံလောက်သော ကားပါကင်နေရာများကို ဆောက်လုပ်ထားရှိရန်၊

(၂) ယာဉ်လမ်းကြောပိတ်စေနိုင်သော ကားပါကင်နေရာရှာခြင်းအချိန်ကို လျှော့ချရန် ယာဉ်မောင်းများကို ပါကင်ရရှိနိုင်မှုနှင့်ပတ်သက်၍ အချိန်နှင့်တပြေးညီ အချက်အလက်ပေးသည့် စနစ်ကျသော ကားပါကင်ဖြေရှင်းနည်းများကို ဆောင်ရွက်ရန်၊

(၃) လမ်းမပေါ်တွင် ယာဉ်အရေအတွက်ကိုလျှော့ချရန် အလုပ်သမားများအတွက် ဘတ်စ်ကားများ စီစဉ်ဆောင်ရွက်ပေးရန်။

(ည) **စီမံကိန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကြမ်းပြင်ချောများတွင် ချော်လဲခြင်းကိုကာကွယ်ရန် အစွန်းပါသော အစိုဓာတ်စုပ်သည့် အခင်းများကို အသုံးပြုရန်၊

(၂) အန္တရာယ်ဖြစ်နိုင်သည့် နေရာများတွင် သတိပေးဆိုင်းဘုတ်အား ချိတ်ဆွဲထားရှိရန်၊

(၃) ပစ္စည်းများ အတင်အချပြုလုပ်ရာတွင် ကျွမ်းကျင်မှုရှိသည့် ယာဉ်မောင်းသူများနှင့် အလုပ်သမားများကို လုပ်ကိုင်စေရန်၊

(၄) မတော်တဆဖြစ်ပေါ်မှုကိုကာကွယ်ရန် ပစ္စည်းအတင်အချပြုလုပ်ရာ၌ သတ်မှတ်ထားသော ဝန်ထက်ပိုတင်ဆောင်ခြင်းမပြုရန်၊

(၅) အလုပ်ချိန်တွင် အလုပ်သမားများကို လက်အိတ်၊ နှာခေါင်းစည်းနှင့် မျက်မှန်ကဲ့သို့သော တစ်ကိုယ်ရေကာကွယ်သုံးပစ္စည်းများဝတ်ဆင်နိုင်ရေး ကြိုးကြပ်ဆောင်ရွက်ရန်နှင့် ထောက်ပံ့ပေးရန်၊

(၆) ဝန်ထမ်းများအတွက် ရှေးဦးသူနာပြုပစ္စည်းများ ထောက်ပံ့ပေးရန်၊

(၇) ရှေးဦးသူနာပြုစုနည်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနည်းလမ်းများ၊ စက်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် စက်ရုံသန့်ရှင်းရေးနည်းလမ်းများကို သိရှိစေရန် အလုပ်သမားများအား သင်တန်းများပို့ချရန်၊

(၈) အကြားအာရုံ ထိခိုက်မှုလျော့နည်းစေသော နားကြပ်ကဲ့သို့သော ကိရိယာများ တပ်ဆင်သုံးစွဲစေရေးကြိုးကြပ်ဆောင်ရွက်ရန်နှင့် ထောက်ပံ့ပေးရန်။

(၆) **စီမံကိန်းလည်ပတ်သည့်ကာလတွင် ဂေဟစနစ်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အင်းဆက်များ၊ ကုန်းနေရေနေ၊ တွားသွားသတ္တဝါများနှင့် ငှက်များကဲ့သို့သော တိရစ္ဆာန်များအတွက် စားကျက်မြေအဖြစ် ထောက်ပံ့ပေးနိုင်သော ဒေသပေါက်ပင်မျိုးစိတ်များကို ထိန်းသိမ်းခြင်းများနှင့် ကာဗွန်သိုလှောင်ထားရှိနိုင်စေရန်အတွက် ဒေသပေါက်ပင်များအား ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၂) အဆိုပြုစီမံကိန်းလုပ်ငန်း၏ လုပ်ငန်းခွင်ရှိ သက်ရှိသတ္တဝါများအတွက် စားကျက်မြေနှင့် မျက်စိပသာဒအလှအပရှုခင်းပင်များနှင့် သစ်ပင်ကြီးများကို စိမ်းလန်းစိုပြေရေး ပတ်ဝန်းကျင်အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) အဆိုပြုစီမံကိန်းလုပ်ငန်းမှ လုပ်ငန်းခွင်မြေ၊ စွမ်းအင်နှင့် ရေကဲ့သို့သော သဘာဝ အရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲရန်၊

(၄) လုပ်ငန်းမှထွက်ရှိလာသော စွန့်ပစ်ဆီများ၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား မြေဆီလွှာနှင့် ရေအရည်အသွေးကျဆင်းမှုမရှိစေရေး စနစ်တကျစွန့်ပစ်ရန်။

(၆) **စီမံကိန်းလည်ပတ်သည့်ကာလတွင် လူမှုစီးပွားဆိုင်ရာ စီမံခန့်ခွဲမှု** နှင့်ပတ်သက်၍ ကုမ္ပဏီမှ အမြတ်ငွေအားလုံး၏ (၂)ရာခိုင်နှုန်းအား လူမှုအကျိုးပြုဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ရန် ရန်ပုံငွေအဖြစ် အသုံးပြုရမည်။

(၃) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလအတွက် လေအရည်အသွေးစီမံခန့်ခွဲမှုတွင် PM 10, PM 2.5, SO2, NO2, O3 & CO, CO2, CH4, VOC, Humidity, Temperature အား (၆) လ လျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၂) စီမံကိန်းလည်ပတ်ခြင်းကာလအတွက် မြေအောက်ရေအရည်အသွေး စီမံခန့်ခွဲမှုတွင် pH, Temperature, TDS, Conductivity, Salinity, Taste, Odor, True color, Turbidity, Chloride, Hardness, Nitrate, Arsenic, Iron, Sulfate, Lead, Manganese, Total Coliform, Total fecal coliform အား (၆) လ လျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၃) စီမံကိန်းလည်ပတ်ခြင်းကာလအတွက် စီမံကိန်း၏ ရေနုတ်မြောင်းမှ စွန့်ပစ်ရေ အရည်အသွေးစီမံခန့်ခွဲမှုတွင် pH, Temperature, Active Ingredients/ Antibiotics, TDS, Conductivity, Salinity, BOD5, COD, Oil and Grease, Total Coliform Bacteria, Total Nitrogen, Total Phosphorous , TSS အား (၆) လ လျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၄) စီမံကိန်းလည်ပတ်ခြင်းကာလအတွက် ဒေါင်းရိုးချောင်းမှ မြေပေါ်ရေ အရည်အသွေး စီမံခန့်ခွဲမှုတွင် pH, Temperature, TDS, Conductivity, Salinity, TSS, Dissolved Oxygen, BOD, COD, Oil and Grease, Ammonium Nitrogen,

Copper, Total Coliform Bacteria, E.coli အား (၆) လ လျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၅) ဆူညံသံအရည်အသွေးတို့ကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ (၆)လလျှင် (၁)ကြိမ် စောင့်ကြည့် စစ်ဆေးရန်၊

(၆) တုန်ခါမှုကို Radial, Transverse, Vertical ဖြင့် (၆)လလျှင်(၁)ကြိမ် စောင့်ကြည့် စစ်ဆေးရန်၊

(၇) စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ယာယီအမှိုက်စုပုံရာနေရာ၌ စွန့်ပစ်အမှိုက် အမျိုးအစားနှင့် ပမာဏအား အပတ်စဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၈) လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောက်လုပ်ရေး လုပ်ငန်းခွင်နှင့် စီမံကိန်းနေရာ၌ ထိခိုက်မှု/ မတော်တဆဖြစ်မှု မဖြစ်ပေါ်စေရေး လစဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၉) ဂေဟစနစ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စီမံကိန်းမြေနေရာနှင့် အနီးဝန်းကျင်၌ သက်ရှိ မျိုးစုံမျိုးကွဲများ၏ သဘာဝနေထိုင်ရာနေရာများတည်ရှိမှု အခြေအနေ၊ မျိုးစိတ် ပျံ့နှံ့မှုအခြေအနေ၊ သဘာဝမျိုးစုံမျိုးကွဲများအပေါ် ကျရောက်လျက်ရှိသော ဆိုးကျိုး များ သတ်မှတ်ခြင်းအား လစဉ်စောင့်ကြည့်စစ်ဆေးရန်။

(ပ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ် ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေတုံ့ပြန်ရေး အစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်း ဆောင်ရွက်ရမည်။

(ဏ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာ တာဝန်သိလုပ်ငန်းများ(CSR)အတွက် နှစ်စဉ် အမြတ်ငွေ ၏(၂)ရာခိုင်နှုန်းကို သုံးစွဲသွားရန်နှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ် အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(တ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စောင့်ကြပ် ကြည့်ရှုမည့်အစီအစဉ်များအတွက် တစ်ဖက်ပါအတိုင်း ဖော်ပြထားပါသည် -

(၁) စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည် -

(ကက) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ(၇,၆၀၀,၀၀၀)ကျပ်သုံးစွဲရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက်ရန်ပုံငွေ(၉,၅၀၀,၀၀၀)ကျပ်သုံးစွဲရန်၊

(၂) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ(၅,၆၀၀,၀၀၀)ကျပ် သုံးစွဲရန်နှင့် လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံဖြည့်စွက်ဆောင်ရွက်ရမည်။

ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များ အတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ စသည့်စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို လျှော့နည်းစေရေးဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက်အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(၇) စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် အလုပ်သမားများ မတော်တဆ ထိခိုက်မှု မဖြစ်ပေါ်စေရေး စက်ပစ္စည်းကိရိယာများအား သတ်မှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျသေချာကျနစွာ ကိုင်တွယ်အသုံးပြုရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၁ ထုတ်လွှတ်အခိုးအငွေ့ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက် ရန်နှင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများအား သက်ရောက်မှုမရှိစေရေး ကြိုးကြပ်ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ်၁.၂ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၄) အသုံးပြုကုန်ကြမ်းများနှင့် စက်ပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည်တင်ပြရန်။

(ဂ) **အထွေထွေစီမံခန့်ခွဲမှု စည်းကမ်းသတ်မှတ်ချက်များ။** အထွေထွေစီမံခန့်ခွဲမှု စည်းကမ်း သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အသုံးပြုလောင်စာများဖြစ်သည့် ထင်း/စပါးခွံများအား မိုးရာသီကာလများ၌ အမိုးအကာများဖြင့် ထားရှိဆောင်ရွက်ရန်၊

(၂) ဘွိုင်လာလောင်စာ အသုံးပြုဆောင်ရွက်သည့်ဝန်ထမ်းများအား တစ်ကိုယ်ရေ သုံးကာကွယ်ရေးပစ္စည်း (PPE) များအား စနစ်တကျဝတ်ဆင်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းလုပ်ငန်းမှ ဘေးပတ်ဝန်းကျင်အား အနှုတ်လွှင့်မှုမဖြစ်ပေါ်စေရေး သစ်ပင်များစိုက်ပျိုးထားရှိရန်။

(ဃ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု စည်းကမ်းသတ်မှတ်ချက်များ။** စွန့်ပစ်ရေစီမံခန့်ခွဲမှု စည်းကမ်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘွိုင်လာမှ ထွက်ရှိလာသည့်ရေများအား အနည်စစ်ကန်တွင်အနည်ထိုင်စေပြီး ၎င်းစွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အပိုဒ် ၂.၂.၄ ကြက်၊ ဘဲနှင့် အခြားစီးပွားဖြစ် ၄က်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း (Poultry Production) ၏ လမ်းညွှန်ချက် နှင့်အညီ စွန့်ထုတ်ရန်၊

(၂) စီမံကိန်းကြောင့် မြေအောက်ရေ လျော့နည်းမှုမဖြစ်ပေါ်စေရေး ကြိုးကြပ် ဆောင်ရွက်ရန်။

(c) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှု စည်းကမ်းသတ်မှတ်ချက်များ။** မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု စည်းကမ်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ဘွိုင်လာအပူပေးရန်အတွက် ထင်း/စပါးခွံအသုံးပြုခြင်း၊ စက်ပစ္စည်းကိရိယာများအတွက် ဒီဇယ်ဆီအသုံးပြုခြင်း၊

ဓာတုပစ္စည်းများအသုံးပြုခြင်းတို့မှ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး အထူး အလေးထားဆောင်ရွက်ရမည်။

(စ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်း တိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြေပ်မတ် ဆောင်ရွက်ရမည်။

(ဆ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(ဇ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ်ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှု တစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့အကြောင်းကြားရမည်။

(ဌ) **လူမှုတာဝန်သိ အစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့်ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့်တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်စဉ်ဆက်

မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(၄) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြု သူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ် အစီရင်ခံစာနှင့် လိုက်နာ ဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာကတိကဝတ်များအားဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၃) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ် ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလ ဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုး သက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက် မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ် ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှု ရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊

ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လလျှင်တစ်ကြိမ် တင်ပြရန်နှင့်အများပြည်သူသိရှိစေရန်ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ(၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာ ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ(၁၀)ရက်အတွင်းအမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက်(၁၀)ရက်

အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပံ့မှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ တစ်ဖက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍(၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ(၆)လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့် နေ့မှရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင် အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး(၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်း မရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏

ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။